## တင်ပြချက်များ ခေါ်ဆိုချက် (Call for Submissions)

အချက်အလက်ရှာဖွေရေးအဖွဲ့မှ အထက်ပါ လုပ်ပိုင်ခွင့်အရ မြန်မာပြည်တွင်း (၂၀၁၁) ဇန်နဝါရီလမှ စတင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များအား အဆိုပြုနိုင်မည့် အချက်အလက် သတင်း၊ သက်သေခံ အထောက်အထား စာရွက်စာတမ်းနှင့် မှတ်တမ်းများ အားလုံးကို စိတ်ပါဝင်စားကြသော လူပုဂ္ဂိုလ်တစ်ဦးချင်းဆီမှ လည်းကောင်း၊ အဖွဲ့အစည်း အသိုင်းအဝိုင်းများမှ လည်းကောင်း တင်ပြကြပါရန် တောင်းဆိုအပ်ပါသည်။

အချက်အလက်ရှာဖွေရေးအဖွဲ့သည် တင်ပြချက်များအား အင်္ဂလိပ်ဘာသာ နှင့် မြန်မာဘာသာ ဖြင့် [ffmmyanmarsub@ohchr.org](mailto:ffmmyanmarsub@ohchr.org) ၌ လက်ခံနေပါသည်။ တခြား မြန်မာတိုင်းရင်းသား ဘာသာများဖြင့် ရေးဆိုထားသော တင်ပြချက်များကိုလည်း လက်ခံပါမည်။ သို့ပေမဲ့ ဤဘာသာစကားများအား သုံးသပ်နိုင်ရန် ပိုမိုအချိန်ကြာနိုင်သည်။

မည်သည့်အချိန်မဆို အချက်အလက်များအား တင်ပြနိုင်ပါသည်။ အချက်အလက်ရှာဖွေရေးအဖွဲ့သည် ဖြစ်နိုင်လျှင် စောစောတင်ပြချက်များ ပြုလုပ်ရန် တိုက်တွန်းအပ်ပါသည်။ နောက်ဆုံးအနေနှင့် တင်ပြချက်ပေးနိုင်သည့် နေ့စွဲမှာ (၂၀၁၈) ဖေဖော်ဝါရီလ (၁၅) ရက်နေ့ ဖြစ်ပါသည်။ ၎င်းရက်စွဲအကျော်တွင် ရောက်ရှိလာသော တင်ပြချက်များအား ပါဝင် စဉ်းစားသုံးသပ်နိုင်ရန် ပိုမိုခက်ခဲပါသည်။

အချက်အလက်တင်ပြချက်များတွင် ရေးဆွဲသူ အမည်နှင့် ဆက်သွယ်နိုင်သော လိပ်စာအသေးစိတ် အတိအကျ ပါသင့်ပါသည်။ တင်ပြချက်များတွင် လျှို့ဝှက်ထားရန်ဖြစ်သော ကိစ္စများပါမပါ၊ ပါခဲ့သည်ရှိသော် မည်သည့် အပိုင်းအား၊ သို့မဟုတ် တင်ပြချက် အပိုင်းစုံအား နှုတ်လုံစွာ အတွင်းရေးအနေနှင့် သဘောထားရမည်ကို ပြောဆိုပါ။

တင်ပြချက်များကို တစ်ဦးချင်းစီသို့ လက်ခံရရှိပြီးပါပြီဟု မပြန်ကြားနိုင်ပါ၊ ပြန်ကြားစေလိုပါက သတ်မှတ်ပြောဆိုထားပါ။